## စာရွက်စာတမ်း ၁　ဆောက်လုပ်ရေးလုပ်ငန်းတွင်ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေ

ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကြေညာသည့် စက်မှုလုပ်ငန်းအားလုံးနှင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ဤထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေမှာ နိုင်ငံခြားသားအလုပ်သမားများအပါအဝင် အလုပ်သမားအားလုံးကို စုပေါင်းတွက်ချက်ရရှိချက်ဖြစ်ပါသည်။


သေဆုံး၊ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေမှာ နားရက်၄ရက်ထက်ပိုသည့် သေဆုံး၊ထိခိုက်ဒဏ်ရာရမှုနှင့်ပတ်သတ်ပြီး အလုပ်သမားများသေဆုံး၊ ထိခိုက်ဒဏ်ရာရမှု ရောဂါအစီရင်ခံစာပေါ် မူတည်၍ စုပေါင်းတွက်ချက်ရရှိချက်ဖြစ်ပြီး၊ သေဆုံးမှုဖြစ်ပွားပုံအခြေအနေမှာ သေဆုံးမှုဖြစ်ပွားပုံ အစီရင်ခံစာပေါ်မူတည်၍ စုပေါင်းတွက်ချက်ရရှိချက်ဖြစ်ပါသည်။


❶事故の型別死傷災害発生状況（平成30年）

| | ⑥墜落・転落 | ⑦転倒 | ⑧激突 | ⑨飛来・落下 | ⑩崩壊・倒壊 | ⑪激突され | ⑫はさまれ・巻き込まれ | ⑬切れ・こすれ | ⑭踏抜き | ⑮おぼれ | ⑯高温・低温物との接触 | ⑰有害物との接触 | ⑱感電 | ⑲爆発 | ⑳破裂 | ㉑火災 | ㉒交通事故（道路） | ㉓交通事故（その他） | ㉔動作の反動・無理な動作 | ㉕その他 | ㉖分類不能 | ㉗合計 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ①全産業 | 21, 221 | 31, 833 | 6, 354 | 6, 410 | 2, 312 | 5, 373 | 14, 585 | 7, 878 | 258 | 46 | 3, 546 | 537 | 126 | 64 | 44 | 85 | 7, 889 | 98 | 16, 958 | 1, 445 | 267 | 127, 329 |
| ②建設業 | 5, 154 | 1, 616 | 636 | 1, 432 | 489 | 832 | 1, 731 | 1, 267 | 103 | 15 | 340 | 91 | 47 | 7 | 8 | 36 | 598 | 8 | 875 | 77 | 12 | 15, 374 |
| ③土木工事 | 889 | 445 | 181 | 406 | 163 | 335 | 615 | 278 | 10 | 8 | 91 | 18 | 3 | 2 | 4 | 3 | 178 | 2 | 231 | 24 | 3 | 3, 889 |
| ④建築工事 | 3, 313 | 865 | 345 | 756 | 237 | 355 | 771 | 814 | 77 | 2 | 162 | 49 | 17 | 3 | 2 | 22 | 259 | 4 | 459 | 34 | 8 | 8, 554 |
| ⑤その他の建設 | 952 | 306 | 110 | 270 | 89 | 142 | 345 | 175 | 16 | 5 | 87 | 24 | 27 | 2 | 2 | 11 | 161 | 2 | 185 | 19 | 1 | 2, 931 |

❷事故の型別死亡災害発生状況（平成30年）

| | ⑥墜落・転落 | ⑦転倒 | ⑧激突 | ⑨飛来・落下 | ⑩崩壊・倒壊 | ⑪激突され | ⑫はさまれ・巻き込まれ | ⑬切れ・こすれ | ⑭踏抜き | ⑮おぼれ | ⑯高温・低温物との接触 | ⑰有害物との接触 | ⑱感電 | ⑲爆発 | ⑳破裂 | ㉑火災 | ㉒交通事故（道路） | ㉓交通事故（その他） | ㉔動作の反動・無理な動作 | ㉕その他 | ㉖分類不能 | ㉗合計 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ①全産業 | 256 | 28 | 3 | 53 | 54 | 58 | 113 | 5 | 0 | 35 | 36 | 17 | 13 | 7 | 1 | 6 | 175 | 3 | 0 | 43 | 3 | 909 |
| ②建設業 | 136 | 6 | 1 | 24 | 23 | 18 | 30 | 3 | 0 | 13 | 11 | 1 | 5 | 1 | 0 | 2 | 31 | 0 | 0 | 3 | 1 | 309 |
| ③土木工事 | 30 | 3 | 1 | 10 | 11 | 13 | 18 | 3 | 0 | 7 | 1 | 0 | 0 | 0 | 0 | 0 | 11 | 0 | 0 | 2 | 1 | 111 |
| ④建築工事 | 84 | 1 | 0 | 11 | 8 | 2 | 9 | 0 | 0 | 1 | 8 | 0 | 2 | 0 | 0 | 0 | 12 | 0 | 0 | 1 | 0 | 139 |
| ⑤その他の建設 | 22 | 2 | 0 | 3 | 4 | 3 | 3 | 0 | 0 | 5 | 2 | 1 | 3 | 1 | 0 | 2 | 8 | 0 | 0 | 0 | 0 | 59 |


❸業種別死傷災害発生状況（平成30年）
㉘製造業
㉙鉱業
㉚建設業
㉛交通運輸事業
㉜陸上貨物運送事業
㉝港湾運送業
㉞林業
㉟農業、畜産・水産業
㊱第三次産業


❹建設業における事故の型別死傷災害発生状況（平成30年）
⑥墜落・転落
⑦転倒
⑧激突
⑨飛来・落下
⑩崩壊・倒壊
⑪激突され
⑫はさまれ・巻き込まれ
⑬切れ・こすれ
⑭踏抜き
⑮おぼれ
⑯高温・低温物との接触
⑰有害物との接触
⑱感電
⑲爆発
⑳破裂
㉑火災
㉒交通事故（道路）
㉓交通事故（その他）
㉔動作の反動・無理な動作
㉕その他
㉖分類不能

❶事故の型別死傷災害発生状況（平成 30 年）

ထိခိုက်မှုအမျိုးအစားအလိုက်သေဆုံး၊ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေ (၂၀၁၈ခုနှစ်)

❷事故の型別死亡災害発生状況（平成 30 年）

ထိခိုက်မှုအမျိုးအစားအလိုက် သေဆုံးမှုဖြစ်ပွားပုံအခြေအနေ (၂၀၁၈ခုနှစ်)

❸業種別死傷災害発生状況（平成 30 年）

လုပ်ငန်းအမျိုးအစားအလိုက် သေဆုံး၊ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေ (၂၀၁၈ခုနှစ်)

❹建設業における事故の型別死傷災害発生状況（平成 30 年）

ဆောက်လုပ်ရေးလုပ်ငန်းတွင်ဖြစ်ပွားသည့် ထိခိုက်မှုအမျိုးအစားအလိုက်သေဆုံး၊ထိခိုက်ဒဏ်ရာရမှု ဖြစ်ပွားပုံအခြေအနေ (၂၀၁၈ခုနှစ်)

①全産業

စက်မှုလုပ်ငန်းအားလုံး

②建設業

ဆောက်လုပ်ရေးလုပ်ငန်း

③土木工事

မြို့ပြအင်ဂျင်နီယာဆောက်လုပ်ရေး

④建築工事

ဗိသုကာဆောက်လုပ်ရေး

⑤その他の建設

အခြားဆောက်လုပ်ရေး

⑥墜落・転落

ပြုတ်ကျ၊ ချော်ကျခြင်း

⑦転倒

လဲကျခြင်း

⑧激突

တိုက်မိခြင်း

⑨飛来・落下

ပျံကျလာ၊ အပေါ်မှပြုတ်ကျလာခြင်း

⑩崩壊・倒壊

ပြိုကျခြင်း၊ လဲပြိုခြင်း

⑪激突され

ပြင်းထန်စွာအတိုက်ခံရခြင်း

⑫はさまれ・巻き込まれ

အညှပ်ခံရခြင်း၊ ရောပါသွားခြင်း

⑬切れ・こすれ

ပြတ်ခြင်း၊ ပွန်းခြင်း

⑭踏抜き

ချွန်ထက်သည့်ပစ္စည်းနင်းမိခြင်း၊ စူးခြင်း

⑮おぼれ

ရေနစ်ခြင်း

⑯高温・低温物との接触

အပူချိန်မြင့်(သို့)နိမ့်သည့်ပစ္စည်းနှင့်ထိတွေ့ခြင်း

⑰有害物との接触

အန္တရာယ်ရှိသောပစ္စည်းနှင့်ထိတွေ့ခြင်း

⑱感電

ဓါတ်လိုက်ခြင်း

⑲爆発

ပေါက်ကွဲခြင်း

⑳破裂

ကွဲခြင်း

㉑火災

မီးလောင်ခြင်း

㉒交通事故（道路）

ယာဉ်တိုက်မှု(လမ်းပေါ်)

㉓交通事故（その他）

ယာဉ်တိုက်မှု(အခြား)

㉔動作の反動・無理な動作

ပြန်ကန်ခြင်း၊ အတင်းအဓမ္မလုပ်ခြင်း

㉕その他

အခြား

㉖分類不能

ခွဲခြားမရ

㉗合計

စုစုပေါင်း

㉘製造業

ကုန်ထုတ်လုပ်ငန်း

㉙鉱業

သတ္တုလုပ်ငန်း

㉚建設業

ဆောက်လုပ်ရေးလုပ်ငန်း

㉛交通運送事業

သယ်ယူပို့ဆောင်ရေးလုပ်ငန်း

㉜陸上貨物運送事業

ကုန်းလမ်းကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း

㉝港湾運送業

ဆိပ်ကမ်းပင်လယ်အော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း

㉞林業

သစ်တောလုပ်ငန်း

㉟農業、畜産・水産業

စိုက်ပျိုးရေး၊မွေးမြူရေး၊ငါးဖမ်းလုပ်ငန်း

㊱第三次産業

တတိယအဆင့်စက်မှုလုပ်ငန်း

စာရွက်စာတမ်း၂ ငင်ခြားသားနည်းပညာအလုပ်သင်များနှင့်ပတ်သတ်သည့်ဘေးအန္တရာယ်ဖြစ်ပွားခဲ့ပုံဥပမာများ

| အမျိုးစားခွဲ | ဘေးအန္တရာယ်ဖြစ်ပွားခဲ့ပုံဥပမာများ | |
|---|---|---|
| ပြုတ်ကျ၊ ချော်ကျခြင်း | ဥပမာ၁ | ငြမ်းပေါ်တွင်အလုပ်လုပ်နေရာစဉ် ခန္ဓာကိုယ်ကိုအခြားတဖက်သို့ လှည့်လိုက်ရာတွင် ခြေချော်နင်းမိပြီး ပြုတ်ကျခဲ့သည်။ |
| | ဥပမာ၂ | သွားလာလှုပ်ရှားစဉ် တိုင်ပေါ်မှငြမ်း၏အောက်ခြေပြားပေါ်သို့ ခြေလှမ်းလိုက်ရာတွင် လျှောကျပြီး မြေပြင်သို့ချော်ကျခဲ့သည်။ |
| | ဥပမာ၃ | ယခင်နေ့ကမိုးရွာထားသည့်အတွက် ငြမ်းရေစိုနေသည့်အတွက် လှေခါးဆင်းနေစဉ်လျှောကျပြီး ခြေချော်နင်းမိသောကြောင့် ချော်ကျခဲ့သည်။ |
| | ဥပမာ၄ | ကရိန်းဖြင့်ပိုက်ချောင်းများကိုဆွဲတင်ရာတွင် ဖရိုဖရဲဖြစ်သွားပြီး ကြိုးပျက်၍ ငြမ်းပေါ် ပိုက်ချောင်းကျလာသည့်အတွက် ငြမ်းပေါ်တွင်ရှိသူက အောက်ပြုတ်ကျပြီး ဒဏ်ရာရရှိခဲ့သည်။ |
| | ဥပမာ၅ | ဂိုဒေါင်ခေါင်မိုး၏Slateပြားကို ဖယ်ရှားမှုလုပ်ဆောင်ရန်အတွက် လုံခြုံရေးခါးပတ်၏ဂျိတ်ကို mainကြိုးသို့ချိတ်နေစဉ် ခြေအောက်ရှိSlateပြားကွဲပြီး ပြုတ်ကျခဲ့သည်။ |
| | ဥပမာ၆ | ခေါင်မိုးအားဆေးသုတ်ရန်လုပ်ဆောင်နေစဉ် ခေါင်မိုးအုတ်ပြားရေစိုနေသည့်အတွက် ချော်ကျခဲ့သည်။ |
| | ဥပမာ၇ | အိမ်တိုင်တည်နေစဉ် သေချာစွာမချည်ထားသည့်ပစ္စည်းကို ကိုင်တွယ်လိုက်သည့်အခါ ၎င်းပစ္စည်းပြုတ်ထွက်သွားပြီး ချော်ကျခဲ့ သည်။ |
| လဲကျခြင်း | ဥပမာ၈ | ထရပ်ကားမှပစ္စည်းချပြီးသယ်ဆောင်နေစဉ်ထမ်းထားသည့်ပစ္စည်းများကြောင့် ခြေထောက်၏အောက်ကိုကောင်းစွာမမြင်ရဘဲ ခြေထောက်၏အောက်တွင်ရှိသော ပစ္စည်းနှင့်ခလုတ်တိုက်မိပြီး ဒဏ်ရာရခဲ့သည်။ |
| ပြိုကျခြင်း၊ လဲပြိုခြင်း | ဥပမာ၉ | တူးဖော်သည့်မြေပြင်တွင် လက်ဖြင့်တူးပြီးစစ်ဆေးနေစဉ် အနောက်ဘက်မှ မြေပြိုကျလာသည့်အတွက် ဒဏ်ရာရခဲ့သည်။ |
| ပြင်းထန်စွာ အတိုက်ခံရခြင်း | ဥပမာ၁၀ | ငြမ်းဖျက်သိမ်းနေစဉ် အခြားအလုပ်သမားကဖြုတ်ပေးသည့် ပိုက်ချောင်းကို လှမ်းယူရာတွင် လက်ချော်သွားပြီး ပိုက်ချောင်းပြုတ်ကျ၍ ခြေထောက်ကို ထိသွား သည့်အတွက် ဒဏ်ရာရခဲ့သည်။ |
| | ဥပမာ၁၁ | မြေကျောက်သယ်ကားသို့ကုန်တင်နေစဉ် လမ်းသွားလမ်းလာသူမှ နီးကပ်လာ |

| | | |
|---|---|---|
| | | သည့်အတွက်အနောက်မြေတူးဂေါ်ပြား(backhoe)ကို ရပ်တန့်စေဖို့တားရန် လှည့်ပတ်မည့်နေရာအတွင်းသို့ဝင်ရောက်ခဲ့ရာတွင်သံခါးပတ်ဖြင့် ခြေထောက်ကို အနင်းခံရပြီး ဒဏ်ရာရခဲ့သည်။ |
| | ဥပမာ၁၂ | မြေတူးဖော်သည့်အလုပ်ကိုလုပ်နေစဉ်မြေတူးစက်၏အော်ပရေတာမှမမြင်နိုင်သောနေရာဖြစ်နေသည့်အတွက်မြေတူးစက်မှလှည့်ပတ်နေစဉ်ပုံး(bucket) နှင့် ထိခိုက်မိပြီး ဒဏ်ရာရခဲ့သည်။ |
| အညှပ်ခံရခြင်း၊ ရောပါသွားခြင်း | ဥပမာ၁၃ | လွှအဝိုင်းဖြင့် ပျဉ်ပြားကိုဖြတ်နေစဉ် လွှအဝိုင်း၏အပေါ်ပိုင်းကို ဖိကိုင်ထားသည့် ဘယ်ဘက်လက်လက်အိတ်ကို လည်နေသောနေရာတွင် ညှပ်မိပြီး ရောပါသွားသည့်အတွက် လက်သန်းမှာ ဒဏ်ရာရခဲ့သည်။ |
| ပြတ်ခြင်း၊ ပွန်းခြင်း | ဥပမာ၁၄ | သံရိုက်စက်ဖြင့် အထပ်ပြားကို အထိုင်တွင်အသေရိုက်နေရာတွင် မှားယွင်း၍ ကိုယ့်ကိုယ်ကိုပြစ်မိလိုက်သည့်အတွက် ဒူးခေါင်းတွင် ဒဏ်ရာရခဲ့သည်။ |
| | ဥပမာ၁၅ | လက်ကိုင်လွှအဝိုင်းဖြင့်ဖြတ်တောက်သည့်အလုပ်ကိုလုပ်ကိုင်နေစဉ် မှားယွင်း၍လက်ချော်သွားပြီး လွှနှင့်ထိမိသည့်အတွက် ဒဏ်ရာရခဲ့သည်။ |
| ချွန်ထက်သည့်ပစ္စည်းနင်းမိခြင်း၊ စူးခြင်း | ဥပမာ၁၆ | သစ်သားစမှထွက်နေသည့်သံကို ဂျိခ-တဘိနှင့်နင်းမိသည့်အတွက် သံမှ ဂျိခ-တဘိကိုထိုးဖောက်၍ ခြေဖဝါးစူးသွားပြီး ဒဏ်ရာရခဲ့သည်။ |
| အန္တရာယ်ရှိသောပစ္စည်းနှင့်ထိတွေ့ခြင်း | ဥပမာ၁၇ | လျှပ်စစ်ကိရိယာကိုသုံးစွဲရန်အတွက် ခါတ်ဆီသုံးမီးစက်ကို အသုံးပြုနေစဉ် အလုပ်ခွင်အတွင်း၌ အိပ်ဇောဓာတ်ငွေ့များပြားလာ၍မူးပြီးကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှု ဖြစ်ပွားခဲ့ပါသည်။ |
| | ဥပမာ၁၈ | ဘွတ်ဖိနပ်စီးပြီး ကွန်ကရစ်ခင်းရာတွင်သုံးစွဲသည့် ကွန်ကရစ်၏သန့်ရှင်းရေးကိုလုပ်ဆောင်ရာတွင် ဘောင်းဘီတွင် ကွန်ကရစ်စိုသွားသောနေရာက နီရဲလာသည့်အတွက် ဆေးခန်းသွားပြခဲ့ရသည်။ |
| ပြန်ကန်ခြင်း၊ အတင်းအဓမ္မလုပ်ခြင်း | ဥပမာ၁၉ | ငြမ်းဆင်ရာတွင်သုံးသည့်ပစ္စည်းများကိုတင်နေစဉ် ခါးကုန်းပြီး ငြမ်းပျဉ်ပြားကို မတင်လိုက်ရာတွင် အလွန်အမင်းနာကျင်မှုကိုခံစားရပြီး ခါးနာရောဂါ ဖြစ်ခဲ့ပါသည်။ |

နိုင်ငံခြားသားအလုပ်သမားများ၏ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပုံအခြေအနေပြောင်းလဲပုံ




（ကိုးကား ： ကျန်းမာရေးအလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

「သေဆုံး၊ထိခိုက်ဒဏ်ရာရမှုရောဂါအစီရင်ခံစာ」）

○単位：人

ယူနစ် ： ယောက်

○休業４日以上の死傷者数

နားရက်၄ရက်ထက်ပိုသည့်သေဆုံး၊ထိခိုက်ဒဏ်ရာရသူဦးရေ

စာရွက်စာတမ်း၃

## နည်းပညာအလုပ်သင်အားလုံးလိုက်နာသင့်သည့်အခြေခံကိစ္စရပ်များ

○ ဝင်ရောက်သည့်လုပ်ငန်းခွင်၏ သတ်မှတ်ချက်(စည်းကမ်း)အား စောင့်ထိန်းရန်။

○ အလုပ်ညွှန်ကြားချက်ကိုလိုက်နာပါ။ ညွှန်ကြားချက်ကိုနားမလည်ပါက သေချာအောင် ပြန်လည်မေးမြန်းရန်။

○ တဦးတည်းအလုပ်မလုပ်ပါနှင့်၊ အနည်းဆုံးအနီးအနားတွင် အခြားအလုပ်သမားတယောက်ခန့်ရှိမှသာ အလုပ်လုပ်ရန်။

○ ပြုတ်ကျနိုင်သည့် အန္တရာယ်ရှိသည့်နေရာအနီးသို့ မချဉ်းကပ်ရန်။

○ ယာယီတပ်ဆင်ထားသည့်ပစ္စည်းများကို မှီတွယ်မှုမပြုရန်။

○ တွဲလောင်းဆွဲဝန်များ၏ အောက်သို့မဝင်ရန်။

○ အလုပ်လုပ်နေစဉ် ဘေးမကြည့်ရန်။

○ အလုပ်ခွင်အတွင်းရွေ့လျားသွားလာစဉ် ပတ်ဝန်းကျင်ကိုကောင်းစွာကြည့်ရှုသွားလာရန်။

○ လျှပ်စစ်ပါဝါကိရိယာများမသုံးသည့်အခါ၊ သန့်ရှင်းရေးလုပ်သည့်အခါတွင် သေချာစွာပါဝါပိတ်ထားရန်။

○ မသုံးသည့်စက်ကိရိယာများကို စနစ်တကျထားရှိရန်။

○ ပျက်နေသည့်စက်ကိရိယာများကိုမသုံးဘဲ လဲလှယ်ပေးရန်တောင်းဆိုပါ။

○ စက်လည်ပတ်မှုစသည်တွင် ကျွမ်းကျင်မှုသင်တန်းပြီးဆုံးခြင်း၊ အထူးသင်ကြားမှု ရရှိခြင်း မရှိပါက သက်ဆိုင်သည့်အလုပ်များကို မလုပ်ရန်။

○ ကျန်းမာရေးမကောင်းသည့်အခါ၊ စိုးရိမ်စရာရှိသည့်အခါများတွင် နည်းပညာအလုပ်သင်တာဝန်ခံ၊ နည်းပညာအလုပ်သင်နည်းပြဆရာ၊ စားဝတ်နေထိုင်ရေးနည်းပြဆရာအား တိုင်ပင်ရန်။

○ အလုပ်တွင်ဖြစ်ပွားသည့် မတော်တဆထိခိုက်မှုနှင့် ထိခိုက်ဒဏ်ရာရမှုကို ၎င်းနေရာတွင် ချက်ချင်းတင်ပြရန်။

○ တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရပြီး ကုသစရိတ်ကုန်ကျသည့်အခါတွင် အလုပ်ဒဏ်ရာအာမခံမှ ဆေးရုံ၏ကုသစရိတ်ကို ထုတ်ပေးမည်ဖြစ်သည်။

○ တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရပြီး အလုပ်နားရသည့်အခါတွင် ၃ရက်စာကို အလုပ်သင်ခန့်အပ်သူမှလျော်ပေးပြီး ၊ ၄ရက်နောက်ပိုင်းကို အလုပ်ဒဏ်ရာအာမခံမှ အလုပ်နားမှုအတွက် လျော်ကြေးထုတ်ပေးမည်ဖြစ်သည်။

စာရွက်စာတမ်း၄

【၄-၁】 ချော်ကျခြင်း

| |
|---|
| မိုးရွာ၍ ငြမ်းတွင်ရေစိုနေသည့်အတွက် ခြေချော်နင်းမိပြီး ချော်ကျခဲ့သည်။ |

- ဘေးကင်းလုံခြုံရေးစီမံမှု၏လိုအပ်ချက်

| |
|---|
| ○ ငြမ်း၏အောက်ခြေပြားတွင် ဘေးတိုက်ဘောင်တန်းမဆွဲထားခြင်း။<br>○ မိုးသည်းခြင်းစသည့် ရာသီဥတုဆိုးရွားမှု (သို့) ငြမ်းဆင်ခြင်း၊ ပြောင်းလဲမှုပြုပြီးနောက် ကောင်းမွန်စွာ မစစ်ဆေးခဲ့ခြင်း။ |

- အလုပ်သင်ခန့်အပ်သူ၏စီမံမှု

| |
|---|
| ○ ငြမ်းမှချော်ကျမှုကို ကြိုတင်ကာကွယ်ရန် စီမံလုပ်ဆောင်ရမည်။ (ဘေးတိုက် ဘောင်တန်း၊ ဘောင်ပြား၊ လက်ကိုင်တန်းတို့အား တပ်ဆင်ခြင်း၊ လုံခြုံရေးခါးပတ်အားသုံးစွဲခြင်းကို ထိရောက်စွာ လုပ်ဆောင်ရမည်။)<br>○ မိုးသည်းခြင်းစသည့် ရာသီဥတုဆိုးရွားမှု (သို့) ငြမ်းဆင်ခြင်း၊ ပြောင်းလဲမှုပြုပြီးနောက်၊ သို့မဟုတ်ပါက အလုပ်မစခင် စစ်ဆေးမှုပြုလုပ်ရာတွင်ချော်ကျမှုကို ကြိုတင်ကာကွယ်သည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားခြင်းရှိမရှိ သေချာအောင် စစ်ဆေးရမည်။ |



- နည်းပညာအလုပ်သင်အားလုံးအထူးဂရုစိုက်သင့်သည့်အချက်များ

| |
|---|
| ○ အလုပ်ခွင်သည် အပြင်ဘက်တွင်ရှိသည့်အတွက် မိုးစိုခြင်း၊ လေတိုက်ပြီး ဘေးအကာပြုတ်နေခြင်း စသည့် အခြေအနေအရပ်ရပ်ဖြစ်ပေါ်နိုင်ပါသည်။ အထူးသဖြင့် မြင့်သည့်နေရာနှင့် စူးရှ ချွန်ထက်သည့် ပစ္စည်းများ၏အနီးတွင် ချော်လဲပါကကြီးမားသည့် မတော်တဆထိခိုက်မှုနှင့် ကြုံတွေ့နိုင်ပါသည်။ ကောင်းစွာသတိထားပါ။ |

○ မြင့်သည့်နေရာများတွင် သွားလာလှုပ်ရှားရာတွင် တတ်နိုင်သမျှ လုံခြုံရေးခါးပတ် ပတ်ပါ။

○ လက်ကိုင်တန်းမရှိသည့်နေရာအနီးသို့ မချဉ်းကပ်ပါရန်။

○ အောက်ခြေဖက်တွင် ပွင့်နေသောအပေါက်ကို သတိထားပါ။

【၄-၂】 ပြုတ်ကျခြင်း


| |
|---|
| Slateပြားခေါင်မိုးအား ပြုပြင်မှုလုပ်ဆောင်ရန်အတွက် ခေါင်မိုးပေါ်တက်ရာတွင် ခြေအောက်ရှိ Slate ပြားကွဲပြီး ပြုတ်ကျသည်။ |

- ဘေးကင်းလုံခြုံရေးစီမံမှု၏လိုအပ်ချက်

| |
|---|
| ○ နင်းပါကအပေါက်ပေါက်ပြီးကျွံကျနိုင်သည့် အန္တရာယ်ရှိသော ခေါင်မိုးပေါ်တက်ခဲ့ခြင်း။<br>○ ဖြက်အကျယ်၃၀စင်တီမီတာကျော်ရှိသည့် လမ်းလျှောက်ပျဉ်ပြားကိုခင်းပြီး ဘေးအကာကို တပ်ဆင်မှုကိုမလုပ်ခဲ့ခြင်း။ |

- အလုပ်သင်ခန့်အပ်သူ၏စီမံမှု

| |
|---|
| ○ ဘေးကင်းလုံခြုံရေးစီမံမှုကို ဆောင်ရွက်ပြီးသည့်အထိ နင်းပါကအပေါက်ပေါက်ပြီး ကျွံကျနိုင်သည့် အန္တရာယ်ရှိသော ခေါင်မိုးပေါ်ပေးမတက်စေရန်။<br>○ ဖြက်အကျယ်၃၀စင်တီမီတာကျော်ရှိသည့် လမ်းလျှောက်ပျဉ်ပြားကိုခင်းပြီး ဘေးအကာကို တပ်ဆင်ရန်။ |



- နည်းပညာအလုပ်သင်အားလုံးအထူးဂရုစိုက်သင့်သည့်အချက်များ

| |
|---|
| ○ Slateပြားနှင့်မှန်တပ်ဆင်ထားသော ခေါင်မိုးပေါ်ဆိုသည်မှာ ကြည့်လျှင် အန္တရာယ်ကင်းသည်ဟု ထင်ရသော်လည်းကိုယ်ခန္ဓာ၏အလေးချိန်ကို မခံနိုင်ဘဲကွဲပြီး ပြုတ်ကျမှုရှိနိုင်ပါသည်။ ၎င်းကဲ့သို့သော ထိခိုက်ဒဏ်ရာရမှုများ အများအပြားဖြစ်ပွားနေပါသည်။ အလုပ်လုပ်သည့်အခါတွင် သေချာစွာ လမ်းလျှောက်ပျဉ်ပြားကိုသုံးပြီး ၎င်းနေရာပေါ်မှလွဲပြီးမသွားရန်စသည့် အလုပ်ညွှန်ကြားချက်ကို လိုက်နာပါ။<br>○ ရေစိုနေသည့်ခေါင်မိုးအုတ်ပြားပေါ်တွင်လည်း အလွန်ချောနေသည့်အတွက် သတိထားရန်။ |

【၄-၃】 ပုံသန်းလာ၊အပေါ်မှပြုတ်ကျလာခြင်း

| |
|---|
| ကရိန်းဖြင့် Hသံမဏိပစ္စည်းများကိုဆွဲတင်ပြီး ထရပ်ကားပေါ်သို့ပြောင်းတင်စဉ် ဆွဲတင်ဝန်ကိုဆွဲထားသည့် သိုင်းကြိုး၏ဝိုင်ယာပျက်ပြီး ဆွဲတင်နေသည့်Hသံမဏိပစ္စည်းများအပေါ်မှပြုတ်ကျလာသည့်အတွက် ထိခိုက်မလို ဖြစ်သွားခဲ့သည်။ |

- ဘေးကင်းလုံခြုံရေးစီမံမှု၏လိုအပ်ချက်

| |
|---|
| ○ ဝိုင်ယာကြိုးကို မစစ်ဆေးခဲ့ခြင်း။ |
| ○ ဆွဲတင်ဝန်၏အောက်သို့ချဉ်းကပ်ဝင်ရောက်ခဲ့ခြင်း။ |

- အလုပ်သင်ခန့်အပ်သူ၏စီမံမှု

| |
|---|
| ○ ဝိုင်ယာကြိုး၏ကြိုးများ ပျက်စီးနေခြင်းရှိမရှိကို အလုပ်မစခင် စစ်ဆေးမှုပြုလုပ်ပြီး ပုံမှန်သုံးနိုင်သည်ဟု သေချာမှသာ သုံးစွဲရန်။ အလွန်အမင်းပျက်စီးနေသော ပစ္စည်းကိရိယာများကို သုံးစွဲမှုမရှိစေရန်စီမံရမည်။ |
| ○ သိုင်းကြိုးတပ်ဆင်ရာတွင် စွမ်းရည်နှင့်ကိုက်ညီသောအထူးသင်ကြားမှုရရှိထားသူ၊ ကျွမ်းကျင်မှုသင်တန်းပြီးဆုံးထားသူမှသာ လုပ်ဆောင်ရမည်။ |
| ○ တွဲလောင်းစွဲဝန်များ၏ကန့်သတ်အလေးချိန်ကို သက်ဆိုင်သူအားလုံးကိုအသိပေးရန်။ |
| ○ ဝန်ပစ္စည်းကိုဆွဲတင်ရာတွင်ဆွဲတင်ဝန်များ ပြုတ်ကျ၊ လဲကျနိုင်သည့်နေရာအတွင်းသို့ မဝင်ရန်။ |



- နည်းပညာအလုပ်သင်အားလုံးအထူးဂရုစိုက်သင့်သည့်အချက်များ

| |
|---|
| ○ ပျက်စီးနေသော ဝိုင်ယာကြိုးကိုမသုံးခြင်း၊ ဝန်ပစ္စည်း၏အောက်သို့လုံးဝ မဝင်ရောက်ခြင်း တို့ကို လိုက်နာပါ။ |

【၄-၄】အညှပ်ခံရခြင်း

| |
|---|
| ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၏စက်ပူးတွဲပစ္စည်း(attachment)အား လဲလှယ်လုပ်ကိုင်စဉ် ပူးတွဲ ပစ္စည်းမှရွှေ့သွားပြီး ၎င်းပူးတွဲပစ္စည်းနှင့်ဆလင်ဒါကြားထဲတွင် လက်ချောင်းအညှပ်ခံရသည်။ |

- ဘေးကင်းလုံခြုံရေးစီမံမှု၏လိုအပ်ချက်

| |
|---|
| ○ アタッチメントが動かないような固定措置が行われていなかった。<br>ပူးတွဲပစ္စည်းကိုမရွှေ့အောင်ထိန်းရန်မစီမံခဲ့ခြင်း။ |

- အလုပ်သင်ခန့်အပ်သူ၏စီမံမှု

| |
|---|
| ○ ပူးတွဲပစ္စည်းအားလဲလှယ်မှု (တပ်ဆင်ခြင်း၊ဖြုတ်ခြင်း)ကို လုပ်ကိုင်စဉ် ပူးတွဲပစ္စည်းကိုမရွှေ့အောင် လဲလှယ်ရာတွင်အသုံးပြုသည့်စင်(သို့)မြေပြန့်ပေါ်တွင်လုပ်ဆောင်ခြင်းစသည်ဖြင့် မတည်ငြိမ်သောအခြေ အနေတွင် မလုပ်ဆောင်ရန်။ |



- နည်းပညာအလုပ်သင်အားလုံးအထူးဂရုစိုက်သင့်သည့်အချက်များ

| |
|---|
| ○ အလုပ်လုပ်ထုံးလုပ်နည်းကို လိုက်နာပါ။ |

【၄-၅】 ပြင်းထန်စွာအတိုက်ခံရခြင်း


| |
|---|
| ဖြတ်သန်းသွားလာနေစဉ် မြေတူးစက်၏အော်ပရေတာမှ မမြင်နိုင်သောနေရာဖြစ်နေသည့်အတွက် မြေတူးစက်မှနောက်ဆုတ်နေစဉ် သံခါးပတ်နှင့်ထိခိုက်မိသွားသည်။ |

- ဘေးကင်းလုံခြုံရေးစီမံမှု၏လိုအပ်ချက်

| |
|---|
| ○ မြေတူးစက်၏အလုပ်လုပ်ဆောင်မည့်နေရာအတွင်းသို့ ဝင်ခွင့်မပြုသည့်ဧရိယာကို ရှင်းလင်းစွာမထားဘဲ လမ်းပြသူကိုထားပြီး မြေတူးစက်အားလမ်းပြမှု မလုပ်ဆောင်ခဲ့ခြင်း။ |

- အလုပ်သင်ခန့်အပ်သူ၏စီမံမှု

| |
|---|
| ○ မောင်းနှင်နေသည့်မြေတူးစက်၏အနီးသို့မသွားနိုင်အောင်  အတားအဆီးများ၊ကြိုးများဖြင့် ဝင်ခွင့်မပြု  သည့်ဧရိယာကိုထားခြင်း။ သို့မဟုတ်ပါက လမ်းပြသူကိုထားခြင်း။ |
| ○ မြေတူးစက်ကိုမောင်းနှင်သူသည် ဘေးပတ်ဝန်းကျင်ကို သေချာစွာကြည့်ရှုစစ်ဆေးပြီး မောင်းနှင်ရန်။ |
| ○ ဖြတ်သန်းသွားလာသူသည် မောင်းနှင်နေသည့်မြေတူးစက်၏အနီးသို့မသွားရန်။ |



- နည်းပညာအလုပ်သင်အားလုံးအထူးဂရုစိုက်သင့်သည့်အချက်များ

| |
|---|
| ○ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်များ၏ ရွေ့တိုး၊လှည့်ပတ်မည့်နေရာကို သေချာအောင် ကြည့်ထားပါ။ |
| ○ ဝင်ခွင့်မပြုသည့်နေရာအတွင်းသို့ မဝင်ရန်။ |
| ○ လမ်းပြသူ၏လမ်းညွှန်မှုကို လိုက်နာပါ။ |

【၄-၆】 အပူရှပ်ခြင်း


| |
|---|
| အလုပ်လုပ်သည့်နေ့မနက်ပိုင်းတွင် ကျန်းမာရေးသိပ်မကောင်းဘဲ နွေရာသီ၏နေပူထဲမှာ လမ်းခင်းသည့် အလုပ်ကိုလုပ်နေစဉ် သတိလစ်သလိုဖြစ်၍ လဲကျခဲ့သည်။ |

- ဘေးကင်းလုံခြုံရေးစီမံမှု၏လိုအပ်ချက်

| |
|---|
| ○ သင့်လျော်သည့်နားချိန်ကိုမပေးခြင်း၊ ၎င်းအပြင် ရေဓါတ်နှင့် ဆားဓါတ်ဖြည့်စည်းခြင်းကို လုံလောက်စွာ မလုပ်ကိုင်ခဲ့ခြင်း။ |

- စီမံမှု

| |
|---|
| ○ အလုပ်မလုပ်ခင် ၎င်းနေ့၏မိုးလေဝသသတင်းကို ကြည့်ရှုရမည်။ ၎င်းအပြင် အလုပ်သမားများ၏ ကျန်းမာရေး အခြေအနေကို စစ်ဆေးရမည်။ |
| ○ နေ့လည်ခေါင်း၏ အလုပ်လုပ်ချိန်ကိုလျှော့ချခြင်းစသည့် အလုပ်လုပ်ချိန်နှင့်ပတ်သတ်ပြီး ကြံစည်ရမည်။ |
| ○ အရိပ်ရှိသည့်နေရာကိုထားပြီး သင့်လျော်သည့်နားချိန်ကိုယူနိုင်အောင်စီမံ၍ ရေဓါတ်နှင့် ဆားဓါတ်ကို သောက်သုံးရမည်။ |



- နည်းပညာအလုပ်သင်အားလုံးအထူးဂရုစိုက်သင့်သည့်အချက်များ

| |
|---|
| ○ ကျန်းမာရေးမကောင်းသည့်အခါတွင် ဒုက္ခမခံဘဲ ချက်ချင်းတင်ပြရန်။ |